

# လုပ်နိုင်လား။

# မလုပ်နိုင်လား။

## မီးပုံပွဲနှင့် အသားကင်ခြင်း

CONSERVATION REGULATOR VICTORIA

Burmese | မြန်မာ



# မီးပုံများသည် အလွယ်တကူ မီးပျံ့ပွားၡ တောမီးလောင်ကျွမ်းမှုကို ဖြစ်နိုင်ပါသည်

- ဗစ်တိုးရီးယားပြည်နယ်ရှိ သစ်တောများနှင့် သစ်တောဝိုင်းများသို့ သွားရောက်မလည်ပတ်မီ မီးပုံနှင့် အသားကင်မီးဖိုအကြောင်း စည်းမျဉ်းများကို နားလည်ပါ။
- တောစခန်းချနေစဉ် ချက်ပြုတ်ရန်အတွက် ထင်းမှလွဲ၍ အခြားလောင်စာများအသုံးပြုခြင်းကို စဉ်းစားပါ။
- သင်၏မီးပုံပွဲသည် သင့်တာဝန်ဖြစ်သည်။ မီးပုံပွဲသည် ဘေးကင်းပြီး၊ မီးမကူးစေရမည့်အပြင်၊ သင်မပြန်မီ မီးလုံးဝငြိမ်းစေရမည်မှာ ဥပဒေအရ သင့်တာဝန်ဖြစ်သည်။

## သင် မသွားခင်

- **ပုံးတစ်ပုံး** ယူသွားပါ။
- သင်**ရေရနိုင်ကြောင်း** သေချာပါစေ။
- **ရာသီဥတုနှင့် မီးဘေးအဆင့်သတ်မှတ်ချက်များကို** စစ်ဆေးပါ။
- သင်သွားမည့်နေရာတွင် **မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ချက်** ရှိမရှိ စုံစမ်းပါ။

# တောစခန်းချရာသို့ ရောက်လာပြီးချိန်

## မီးပုံပွဲ ပြုလုပ်ခြင်း

- သတ်မှတ်ထားရှိသော **မီးသုံးစွဲရာနေရာ** ရှိပါက အသုံးပြုပါ။
- သတ်မှတ်ထားရှိသော မီးသုံးစွဲရာနေရာများတွင်သာ မီးပုံပွဲကို ခွင့်ပြုထားသည့် နိုင်ငံတော်သစ်တောဝိုင်းတွင်မှအပ ခရီးဆောင်မီးဖိုများကိုလည်း အသုံးပြုနိုင်ပါသည်။
- မီးပုံ သို့မဟုတ် **သတ်မှတ်ထားရှိသော** မီးသုံးစွဲရာနေရာ**(အပေါ်နှင့် နဘေးအပါအဝင်) မှ ၃ မီတာအတွင်း** မီးစွဲလောင်နိုင်သည့်အရာပစ္စည်းများ မရှိပါစေနှင့်။
- မီးပုံသေးသေး ဖိုပါ။ သင့်မီးပုံသည် (မီးပုံအတွင်းရှိ သစ်လုံး/သစ်ကိုင်းများအပါအဝင်) **၁ စတုရန်းမီတာအောက်**အရွယ် ဖြစ်ရမည်။

## ခရီးဆောင်အသားကင်မီးဖိုများ/မီးဖိုများ အသုံးပြုခြင်း^

- ထိုသို့ သုံးရန်အတွက် **ထုတ်လုပ်ထားသော အသားကင်**မီးဖို/မီးဖိုသုံးပစ္စည်းများကို အသုံးပြုနိုင်သည်။
- အသားကင်မီးဖို/မီးဖိုသည် **ခိုင်ခံ့ရမည်** (မပြိုလဲနိုင်စေရ)။
- အသားကင်မီးဖို (အပေါ်နှင့် နဘေးအပါအဝင်)မှ **၁.၅ မီတာ**အတွင်း မီးစွဲလောင်နိုင်သည့်ရာပစ္စည်းများ မရှိပါစေနှင့် ။[†]

^နိုင်ငံတော်သစ်တောဥယျာဉ်နေရာအချို့တွင် ခွင့်ပြုထားသည် - သေချာစေရန် Parks Victoria သို့ ဆက်သွယ်ပါ။

[†]သင့်စခန်းချသည့်နေရာ၌ သုံးနေသော လျှပ်စစ်ဓာတ်အားပေးစက်များလည်း အကျုံးဝင်ပါသည်။

# သင်စခန်းချနေစဉ်

- တာဝန်ယူနိုင်သည့် လူကြီးတစ်ဦးသည် **မီးပုံ သို့မဟုတ် အသားကင်မီးဖိုကို အချိန်ပြည့်** စောင့်ကြည့်နေရမည်။
- **ရာသီပူပြင်းပါက သို့မဟုတ် လေတိုက်နေပါက မီးပုံ** သို့မဟုတ် အသားကင်မီးဖိုကို အသုံးမပြုပါနှင့်။
- အကြောင်းတစ်ခုခုကြောင့် တဲထိုးစခန်းမှ ထွက်သွားပါက၊ **ပြန်လာရန် အစီအစဉ်ရှိသည့်တိုင် မီး ငြိမ်းသတ်ခဲ့ပါ။**

# စခန်းမှထွက်ခွာလျှင်

- **ပစ္စည်းပုံးကို** ရေဖြည့်ပြီး၊ မီးပုံပွဲကို ငြှိမ်းသတ်ရန် အသုံးပြုပါ။
- **မီးဖိုပြာများကိုကိုင်တွယ်ရန် အေးလာချိန်တွင်** ထွက်ခွာသွားရန် ဘေးကင်းပါပြီ။
- **မြေကြီးနှင့်ဖုံးအုပ်ခြင်းမှာ မလုံလောက်ပါ** – သင့်တင့်သောအခြေအနေတွင် မီးသည် မြေကြီး ဖုန်မှုန့် အောက်၌ ရက်အတော်ကြာသည့်တိုင် လောင်ကျွမ်းနိုင်သည်။




*ဤပုံသည် မီးသုံးစွဲမှု လုံး၀ ပိတ်ပင်ချက် မရှိသောနေ့တွင် ယေဘုယျ အသုံးပြုမှုနှင့် သက်ဆိုင်ပါသည်




**မီးပုံအတွင်းသို့** ဖန်၊ အလူမီနီယမ်၊ ပလပ်စတစ်၊ အမှိုက် သို့မဟုတ် စားကြွင်းစားကျန်များကို မထည့်ရ။ ကျေးဇူးပြု၍ ဤပစ္စည်းများကို အိမ်ပြန်ယူသွားပါ။
ဤပစ္စည်းများကို သင့်တောစခန်းနေရာ၌ ထားခဲ့ခြင်းသည် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းဖြစ်ပြီး ချက်ချင်းဒဏ်ငွေများ ရနိုင်သည်။

# မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ရက်များ

## မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ရက်များ = ထင်း၊ ကျောက်မီးသွေးတုံးများ၊ မီးသွေးတုံးများ အသုံးပြုခြင်းအပါအဝင် မီးပုံပွဲများ မလုပ်ရ။



- မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ချက် ရှိမရှိ စစ်ဆေးပါ။
- ဗစ်အရေးပေါ်ဖုန်းလိုင်းသို့ **၁၈၀၀ ၂၂၆ ၂၂၆ မှတဆင့် ဖုန်းခေါ်ပါ**
- **ဗစ်အရေးပေါ်အက်ပ်**ကို ဒေါင်းလုဒ်လုပ်ပါ သို့မဟုတ် **emergency.vic.gov.au သို့ သွားပါ**

## မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ရက်များတွင် အသားကင်ခြင်းများ

မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ရက်တွင် အောက်ပါတို့နှင့်ကိုက်ညီသော ဓာတ်ငွေ့ သို့မဟုတ် လျှပ်စစ် သီးသန့်သုံး အသားကင်ဖိုကို အသုံးပြုနိုင်သည်။

- ကျောက်၊ သတ္တု၊ ကွန်ကရစ် သို့မဟုတ် **အခြားမီးလောင်မလွယ်သောပစ္စည်း**ဖြင့် ပြုလုပ်ထားရမည်။
- **အစားအစာချက်ပြုတ်ခြင်းအတွက်သာ** စီစဉ်ထုတ်ထုတ်လုပ်ထားရမည် (ခရီးဆောင်အသားကင်ဖိုများ အပါအဝင်)။
- အသုံးပြုနေစဉ် အမြဲ **ခိုင်ခံ့သည့်အနေအထား**ဖြစ်ရမည်။

သင် အောက်ပါတို့အတွက်သာ သုံးရမည် -

- အစားအစာ ချက်ရန်အတွက်သာ သုံးရမည်။
- အသားကင်ဖိုမှ **၁.၅ မီတာ**အတွင်း မီးစွဲလောင်နိုင်သည့်အရာပစ္စည်းများ မရှိပါစေနှင့်။
- **အသားကင်ဖိုကို အချိန်ပြည့် စောင့်ကြည့်နေပြီး၊ လိုအပ်ပါက မီးငြိမ်းသတ်နိုင်ကြောင်း သေချာစေပါ။**
- ရေပိုက်ခေါင်းနှင့် ဆက်ထားသည့် ရေပိုက် သို့မဟုတ် အနည်းဆုံး**ရေ ၁၀လီတာရှိ**ရမည်။
- သင် မထွက်ခွာမီ အသားကင်မီးဖို **လုံးဝမီးငြိမ်းသတ်ထားကြောင်း** သေချာပါစေ။

- **လူမရှိသော** (စောင့်ကြည့်မနေသော) မီးပုံပွဲများသည် တောမီးလောင်နိုင်ခြေ အများဆုံးရှိသော အကြောင်းတစ်ခု ဖြစ်ပါသည်။
- လူ စောင့်ကြည့်မနေသော မီးပုံ သို့မဟုတ် အသားကင်မီးဖိုတွေ့ရှိပါက မီးငြိမ်းသတ်မည် ဖြစ်ပါသည်။
- မီးစွဲနေသေးသော သို့မဟုတ် လုံးဝငြိမ်းသတ်မထားသော မီးပုံ သို့မဟုတ် အသားကင်မီးဖိုတွေ့ရှိပါက သင် **ဒဏ်ငွေရိုက်ခံရနိုင်သည် သို့မဟုတ် တရားစွဲဆိုခံရနိုင်သည်**။
- မီးလောင်ကျွမ်းပြန့်နှံ့ခြင်းကို ကာကွယ်ရန်အတွက် လူတိုင်းတွင် **ဥပဒေအရ တာဝန်**ရှိပါသည်။

## သတင်းရင်းမြစ်များ

- မသွားမီ ရက်ရှည်မိုးလေဝသခန့်မှန်းချက်ကို bom.gov.au တွင် စစ်ဆေးပါ။
- မီးသုံးစွဲမှု လုံးဝ ပိတ်ပင်ချက်နှင့် မီးဘေးအဆင့် သတ်မှတ်ချက်များ အကြောင်း အောက်ပါနေရာများတွင် လေ့လာပါ-
  - ဖစ်အရေးပေါ်ဖုန်းလိုင်း ၁၈၀၀ ၂၂၆ ၂၂၆
  - emergency.vic.gov.au
  - ဗစ်အရေးပေါ်အက်ပ် (Vic Emergency App)

© ၂၀၂၂ ဗစ်တိုးရီးယားပြည်နယ် စွမ်းအင်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတု ဆောင်ရွက်ချက်ဌာန။ ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်တည်းဖြတ်ထားသည်

CC BY

ဤထုတ်ဝေချက်ကို Creative Commons Attribution 4.0 Australia လိုင်စင်အရ ရေးသား ထုတ်ဝေထားသည်။ အဆိုပါ လိုင်စင်အရ ဤထုတ်ဝေချက်ကို ဗစ်တိုးရီးယားပြည်နယ်အား မူပိုင် စာရေးသူအဖြစ် အသိအမှတ်ပြုရခြင်းဖြင့် ပြန်လည်အသုံးပြုနိုင်ပါသည်။ ဤလိုင်စင်သည် ဗစ်တိုး ရီးယား ပြည်နယ် အမှတ်တံဆိပ်၊ ဗစ်တိုးရီးယားအစိုးရ အမှတ်တံဆိပ်နှင့် စွမ်းအင်၊ ပတ်ဝန်းကျင် နှင့် ရာသီဥတု ဆောင်ရွက်ချက်ဌာန အမှတ်တံဆိပ် အပါအဝင် မည်သည့် ရုပ်ပုံများ၊ ဓာတ်ပုံများ သို့မဟုတ် အမှတ်တံဆိပ်နှင့်မျှ မသက်ဆိုင်ပါ။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် http://creativecommons.org/licenses/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။

ISBN 978-1-76136-159-3 (Print)

978-1-76136-160-9 (pdf/online/MS word)

**အသုံးပြုရလွယ်ကူမှု**

ဤစာစောင်ကို အခြားပုံစံဖြင့် ရယူလိုပါက DEECA Customer Service Centre 136186 သို့ ဖုန်းဆက်ပါ၊ **customer.service@deeca.vic.gov.au** သို့ အီးမေးလ်ပို့ပါ၊ National Relay Service 133 677 **www.relayservice.com.au** သို့ ဆက်သွယ်ပါ။ ဤစာစောင်ကို အင်တာနက် တွင်  **www.conservationregulator.vic.gov.au**၌ လည်း ရနိုင်ပါသည်။

**တာဝန်မယူငြင်းဆိုချက်**

ဤစာစောင်သည် သင့်အတွက် အထောက်အကူဖြစ်စေနိုင်သော်လည်း စာစောင်တွင် မည်သည့် ချို့ယွင်းချက်မျှ မရှိကြောင်း သို့မဟုတ် သင့်ရည်ရွယ်ချက်များအတွက် လုံးဝသင့်လျော်ကြောင်း ဟူ၍ ဗစ်တိုးရီးယားပြည်နယ်နှင့် ၎င်း၏ဝန်ထမ်းများက အာမမခံပါ။ ထို့ကြောင့် ဤစာစောင်ပါ အချက်အလက်အပေါ် သင်၏ အားထားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် မည်သို့သော မှားယွင်းမှု၊ ဆုံးရှုံးမှု သို့မဟုတ် အခြား နောက်ဆက်တွဲပြဿနာတို့ကိုမဆို တာဝန်မယူ ငြင်းဆိုပါသည်။

**သံသယဖြစ်နိုင်သော သို့မဟုတ် တရားမဝင်သော လုပ်ဆောင်မှုကို တိုင်တန်းရန် DEECA သို့ 136186 သို့ ဖုန်းခေါ်ဆိုပါ**

**Parks Victoria နှင့် ဆက်သွယ်ရန် ၁၃၁ ၉၆၃သို့ ဖုန်းခေါ်ပါ**

**vic.gov.au/unattended-campfires**

FOREST FIRE MANAGEMENT VICTORIA

Parks VICTORIA